**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့**

**အမိန့်အမှတ် ၂ /၂၀၂၄**

**၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်**

**(၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်)**

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့သည် အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဟင်းသီးဟင်းရွက်ဆီများကို **ရောနှောဆီ** (Blended Oil) အဖြစ် အစားအသောက်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရန် ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ (Blended Oil) အဖြစ် ရောစပ်ရာတွင် အရည်အသွေးအာမခံချက်နှင့် အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ သတ်မှတ်သည့်အမိန့်**

၁။ မည်သူမဆို ဟင်းသီးဟင်းရွက်ဆီများကို **ရောနှောဆီ** (Blended Oil) အဖြစ် ရောစပ်ရာတွင် -

(က) အမျိုးအစားနှစ်မျိုးသာ ရောစပ်ရမည်။

(ခ) အပိုဒ်ခွဲ (က) အရ ရောစပ်ရာတွင် ဟင်းသီးဟင်းရွက်ဆီတစ်မျိုးသည် အနည်းဆုံး ၄၀ ရာခိုင်နှုန်းဖြစ်ရမည်။

(ဂ) မည်သည့်အနံ့မျှ ထည့်သွင်းခြင်းမပြုရ။

(ဃ) တိရစ္ဆာန်အဆီနှင့် ဝါခေ့ဆီကြမ်းတို့ကို **ရောနှောဆီ**အဖြစ် အသုံးမပြုရ။

၂။ မည်သူမဆို အသင့်ထုပ်ပိုးထားသော **ရောနှောဆီ** (Blended oil )ကို အမှတ်တံဆိပ်ကပ်ရာတွင် မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၏ ၂၀-၁-၂၀၂၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၂ ဖြင့် ထုတ်ပြန်ခဲ့သည့် အသင့်ထုပ်ပိုးထားသောအစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာအမိန့်ပါ ဖော်ပြချက်များကို လိုက်နာရမည့်အပြင် အောက်ပါအချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်-

(က) ရာခိုင်နှုန်းများသည့် ဆီအမျိုးအမည်ကို ဦးစားပေးဖော်ပြရမည်။ (ဥပမာ- စားအုန်းဆီနှင့် မြေပဲဆီရောနှောရာတွင် စားအုန်းဆီ ၆၀ ရာခိုင်နှုန်းဖြစ်ပါက စားအုန်း

ရောနှောဆီ **သို့မဟုတ်** **စားအုန်းမြေပဲရောနှောဆီဟု** ဖော်ပြရမည်။ ရာခိုင်နှုန်းတူဖြစ်ပါက **နှစ်သက်ရာကို ဦးစားပေးဖော်ပြနိုင်သည်။)**

(ခ) ရှေ့မြင်ကွင်းမျက်နှာပြင်ပေါ်ရှိ **"ရောနှောဆီ"** ဆိုသည့် အစားအသောက်အမျိုးအမည်ကို ဖော်ပြရာ၌ **စာလုံးအရွယ်အစားသည်** တစ်လီတာဆံ့ ထုပ်ပိုးပစ္စည်းတွင် မြန်မာအက္ခရာ "ဝ" (ဝလုံး) စာလုံးအရွယ် အနည်းဆုံး ၆ မီလီမီတာ ရှိရမည်။ ယင်းကိုအခြေခံ၍ ထုပ်ပိုးပစ္စည်းအရွယ်အစားနှင့် လိုက်လျောညီထွေစွာ ဖော်ပြရမည်။

(ဂ) ရှေ့မြင်ကွင်းမျက်နှာပြင်ပေါ်ရှိ **"ရောနှောဆီ"** ဆိုသည့် အစားအသောက်အမျိုးအမည်ကို ဖော်ပြထားသော စာလုံး၏အရောင်သည် မြင်သာသည့်နောက်ခံတွင် ဖတ်ရလွယ်ကူစေရန် ကွဲပြားစွာဖော်ပြရမည်။

၃။ မည်သူမဆို ဤအမိန့်ကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ စံမညီအစားအသောက်ကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုပါက အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ (က) အရ အရေးယူခြင်းခံရမည်။

ဒေါက်တာသက်ခိုင်ဝင်း

ဥက္ကဋ္ဌ

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့

စာအမှတ်၊ ၄ မခ (လ) ၂၀၂၄/ ၅၁၄၀

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး-----------------------------------------------ဝန်ကြီးဌာန

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ညွှန်ကြားရေးမှူးချုပ်၊ }
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်)

ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနအားလုံး

ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူးများအားလုံး

အမိန့်အရ

ဒေါက်တာအေးထွန်း

ဒုတိယဥက္ကဋ္ဌ

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့